# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၃/၉၁)**

**ရန်ကုန်မြို့၊ ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**

**(၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)**

**[ ပြင်ဆင် : 27.01.2011 ]**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

<ပြင်ဆင် 27.01.2011>

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်-

(က) **အသေးစားစက်မှုလက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်းအသုံးပြု၍သော် လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် မြင်းကောင်ရေ ဝ.၂၅နှင့်အထက်၊ ၅ ကောင် အား နှင့်အောက် အသုံးပြုသည့် အလုပ်သမား ၉ဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား ၃ ဦးနှင့်အထက်ရှိသော အိမ် တွင်းလက်မှုလုပ်ငန်းများကို ဆိုသည်၊

(ခ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင် ခွင့်ရရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင် ဆက်ခံသည့်အဖွဲ့အစည်းတို့လည်းပါဝင်သည်။

(ဂ) **အား** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပွားစေသည့်အား သို့မဟုတ် အခြားနည်း လမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပွားစေသည့်အားကိုဆိုသည်၊ ယင်းစကားရပ်တွင် ကာယစွမ်းအားဖြင့် ဖြစ်ပွားစေသည့်အားမပါဝင်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ သမဝါယမဝန်ကြီးဌာနကိုဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ သမဝါယမဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်၊

(စ) **ဦးစီးဌာန**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဆ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 27.01.2011>

## အခန်း (၂)

## အခြေခံမူများ

၃။ အသေးစားစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးကို အောက်ပါ အခြေခံမူများနှင့် အညီ လုပ်ကိုင် ဆောင်ရွက်ရမည်-

(က) ပြည်တွင်းထွက် သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍စက်မှုလက်မှုကုန် ချောများ ထုတ်လုပ်ရန်-

(ခ) နိုင်ငံ၏စီးပွားရေး အခြေခံအင်အားတစ်ရပ်ဖြစ်သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး စေရန်၊ ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန် ဖိုးတွင် စက်မှုလက်မှုကဏ္ဍပါဝင်မှု အချိုးအစားမြှင့်တင်နိုင်ရန်၊

(ဂ) မြန်မာ့ရိုးရာ လက်မှုအနုပညာများ တိမ်ကောပပျောက်မှု မရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ)အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ပေါ်ထွန်း လာစေရန်နှင့်မိသားစုဝင်ငွေများ တိုးပွား ရရှိစေရန်၊

(င) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို စားသုံးသူများ ဝယ်ယူ ရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အသေးစားစက်မှုလက်မှုလုပ်ငန်း များမြှင့်တင်ရန်၊

(ဆ) ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ် ရောင်းချရန်၊

(ဇ) သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဈ) အလတ်စားနှင့်အကြီးစား စက်မှုလက်မှုလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့် လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက် နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်။

<ပြင်ဆင် 27.01.2011>

## အခန်း (၃)

## မှတ်ပုံတင်ခြင်း

၄။ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံ တင်လိုပါက ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

<ပြင်ဆင် 27.01.2011>

၅။ ဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

Myanmar Law Information System (MLIS)

၆။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ် လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်းကာလတို့ ကို သတ်မှတ်ပေးရမည်။ ထို့ပြင် ဦးစီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း မှတ်ပုံတင်အသစ်လဲ လှယ်ရန် ပျက်ကွက်ပါက သတ်မှတ်သည့် ဒဏ်ကြေးကိုလည်းပေးဆောင်ရမည်။

**အခန်း (၄)**

**လုပ်ငန်းရှင်၏တာဝန်နှင့် ခံစားနိုင်ခွင့်များ**

၇။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အ ခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းကို ခံယူခြင်း၊

(ဂ) လုပ်ငန်းလွှဲပြောင်းခြင်းနှင့် နေရပ်လိပ်စာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင် အကြောင်း ကြားခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) တည်ဆဲဥပဒေများကို လိုက်နာခြင်း။

၈။ လုပ်ငန်းရှင်၏ ခံစားနိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ် မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များကိုရယူခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့် အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့် ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့် နည်း လမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့် စက်ကိရိယာ အရန်ပစ္စည်းများဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက် ရောက်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊

(င) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှ ကျွမ်းကျင်သူများ၏အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့် စီးပွားရေးလုပ်ငန်းစာချုပ်များချုပ်ဆိုလုပ် ကိုင်ခြင်း၊

(စ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ချေးငွေများ၊ အထောက်အပံ့များ ရယူခြင်း၊

(ဆ) ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း။

<ပြင်ဆင် 27.01.2011>

**အခန်း (၅)**

**ညွှန်ကြားရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**



Myanmar Law Information System (MLIS)

၉။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) အသေးစားစက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိ သော ရလဒ်များကို လုပ်ငန်းများ တိုးတက်ရေးအတွက် အသုံးပြုစေခြင်း၊

(ဃ) ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အခွန်သက်သာခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(င) ပြည်တွင်းပြည်ပ ကုန်ပစ္စည်းပြပွဲများတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ စုစည်းပေးခြင်း၊ ပြပွဲပြိုင်ပွဲပြုလုပ်၍ ဆုများ ချီးမြှင့်ခြင်း ၊ ဉာဏ်ပူဇော်ခချီးမြှင့်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပဈေးကွက်များနှင့် ထောက်ပံ့ကြေးများရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုပေါင်းလုပ်ကိုင်နိုင်ရန် အသင်း၊ အဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဈ) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့သိရှိနိုင်ရန်နှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက် ပြန့်ပွားစေမည့် နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်ပေးခြင်း။

<ပြင်ဆင် 27.01.2011>

၁၀။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၅ အရ မှတ်ပုံတင်ပေးထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများတောင်းခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာသောလုပ်ငန်းရှင်၏ မှတ်ပုံတင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဃ) မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနရှိ အရာရှိ တစ်ဦးဦးအားဖြစ်စေ၊ အဖွဲ့အားဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

<ပြင်ဆင် 27.01.2011>

## အခန်း(၆)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်များကို ချမှတ်နိုင်သည်-

Myanmar Law Information System (MLIS)

(က) မှတ်ပုံတင်ပေးခြင်း၊

(ခ) မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ခြင်း၊

(ဂ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်း။

<ပြင်ဆင် 27.01.2011>

၁၂။ ဝန်ကြီးသည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် အစီအမံများချမှတ်နိုင်သည်၊

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့ များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်းပြုနိုင်သည်။ ထိုသို့ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း ပြုပါက ယင်းအဖွဲ့ နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကိုသတ်မှတ်ပေးရမည်။

<ပြင်ဆင် 27.01.2011>

၁၃။ ဝန်ကြီးသည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်း ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက အဆုံးအဖြတ်ပေးရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

<ပြင်ဆင် 27.01.2011>

၁၄။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံမှုကို အဆုံးအဖြတ်ပေးရမည်။

## အခန်း (၇)

## မှတ်ပုံတင်ပျက်ပြယ်ခြင်း

၁၅။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင် ပျက်ပြယ်သည်-

(က) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၈)

## အယူခံခြင်း

၁၆။ လုပ်ငန်းရှင်သည် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၇။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

Myanmar Law Information System (MLIS)

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

<ပြင်ဆင် 27.01.2011>

၁၈။ လုပ်ငန်းရှင်သည်-

(က) ပုဒ်မ ၇ ပါတာဝန်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) ပုဒ်မ ၈ ပါ ခံစားနိုင်ခွင့်တစ်ရပ်ရပ်ကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားပြုခြင်း မပြုလုပ်ရ၊

(ဂ) ပယ်ဖျက်

<ပြင်ဆင် 27.01.2011>

၁၉။ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောလုပ်ငန်းရှင်သည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည်-

(က) သတိပေးခြင်း၊

(ခ) ကျပ်ငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

<ပြင်ဆင် 27.01.2011>

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ လုပ်ငန်း ရှင်အား၊ ပုဒ်မ ၁၉ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုချမှတ်ရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်က တပ်ရိုက်သော ဒဏ်ကြေးငွေကို သက်ဆိုင်ရာ လုပ်ငန်းရှင်က ပေးဆောင် ရန် ပျက်ကွက်လျှင် ယင်းဒဏ်ကြေးငွေကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ဦးစီးဌာနက ကောက်ခံရ မည်။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

<ပြင်ဆင် 27.01.2011>

၂၂။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အသေးစားစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်ငါးသောင်းမှ အများ ဆုံး ကျပ်တစ်သိန်းအထိ ချမှတ်ရမည်။

<ပြင်ဆင် 27.01.2011>

Myanmar Law Information System (MLIS)

၂၃။ မည်သူမဆို ပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက် ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့ လျှင် ငွေဒဏ် ကျပ်ငါးရာ ချမှတ်ရမည်။

<ပြင်ဆင် 27.01.2011>

## အခန်း (၁၁)

## အထွေထွေ

<ပြင်ဆင် 27.01.2011>

၂၄။ ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူ တရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

<ပြင်ဆင် 27.01.2011>

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်း ကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း ကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 27.01.2011>

(ပုံ) စောမောင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)